ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်၊ အင်္ဂါနေ့ (10-3-2009) (၅၉၇၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ဆောက်ပြီးစီးအောင်မြင်ခဲ့သည့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့ တက်ရောက်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၉

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ဆောက်ပြီးစီးအောင်မြင်ခဲ့သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆက်လက်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့ တက်ရောက် ကြည်ညိုကြပြီး လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော မဟာမဏိမယ ကဿပဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်အား မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩသဓာဘိဝံသတို့အမှူးပြုတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်များ၊ တိပိဋကဓရ တိပိဋက ကောဝိဒဆရာတော်များ၊ နေပြည်တော်မြို့မ၊

စာမျက်နှာ ၅ ကော်လံ ၁ သို့

ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်း

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း ဥတ္တရဒိသာမြောက်ဘက်အရပ်မျက်နှာရှိ မဟာမဏိမယ ကဿပဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်မိသားစုများက မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ကြေးမုံ
The Mirror
၁၀-၃-၂၀၀၉
(အင်္ဂါနေ့)

တပေါင်းလပြည့် အခါသမယနေ့ မြတ်ဗုဒ္ဓဂုဏ်ကျေးဇူးတော် အောက်မေ့ပူဇော်

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ တပေါင်းလပြည့် ထူးမြတ်သော အခါသမယနေ့ ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးကာ ဝေနေယျသတ္တဝါတို့အား တရားရေအေး တိုက်ကျွေးလျက်ရှိစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ဘုရားရှင်အား ပင့်ဆောင်ရန် ကာဠုဒါယီအမတ်ကြီးအား စေလွှတ်ခဲ့သည်။

ကာဠုဒါယီအမတ်ကြီးက ဘုရားရှင်အား တပေါင်းလပြည့်နေ့တွင် တပေါင်းလနှင့် လမ်းခရီး၏သာယာပုံတို့ကို ဂါထာပေါင်း ၆၄ ဂါထာ သီကုံး၍ ဖွားတော်မူရာ ဇာတိကပိလဝတ်ပြည်သို့ ကြွချီပါရန် လျှောက်ထားခဲ့သည်။ မြတ်ဘုရားရှင် ရာဇဂြိုဟ်ပြည်မှ ကြွချီတော်မူချိန် တပေါင်းလ အခါသမယသည် ဆောင်းအကုန် နွေအကူး နွေဦးအစလဖြစ်၍ မင်းလွင်မြူခိုးတို့ ရစ်သိုင်းစပြုဆဲ၊ ဆောင်းရိပ်ဆောင်းငွေ့များ လွှမ်းခြုံနေဆဲ၊ ဆောင်းနှင့်နွေ နှစ်ထွေအလှတို့ ရောပြွမ်းနေဆဲကာလ ဖြစ်သည်။

တပေါင်းလ မိန်ရာသီတွင် တောတောင်ဝန်းကျင်တစ်ခို၌ ဥသြ တွန်သံ၊ လင်းပြာငှက်သံတို့နှင့် သာယာကြည်နူးဖွယ် ကောင်းလှသည်။ ရာသီပန်းများ ဖြစ်ကြသည့် အင်ကြင်းပန်းနှင့် သရဖီပန်းတို့ ပွင့်ကြမြဲ ဖြစ်ရာ **“တောင်လည်း သာမော၊ တောလည်း သာထွေ၊ ရေလည်း သာလှ၊ ဖြူလွသောင်ပြင်၊ ငှက်ပေါင်းရွှင်ရာ၊ သဘင်အညီ၊ ပွဲစေတီဟု၊ မြှောက်ချီရွှင်ပ၊ လှူဒါန်းကြလျက်”**ဟူ၍ စာဆိုတို့က တပေါင်းလ၏ ရာသီပွဲကို ကဗျာရေးဖွဲ့ မှတ်တမ်းပြုခဲ့ကြသည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် သာယာကြည်နူးဖွယ် ကောင်းသည့် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွချီတော်မူပြီး ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ကျွေးမိခင် ဂေါတမီတို့အား ကျေးဇူးဆပ်တရား ဟောကြားတော်မူခဲ့ပေသည်။

ဘုရားရှင် ကြွရောက်တော်မူခဲ့သည့် တပေါင်းလရာသီတွင် ရှေးဘိုးဘေး မြန်မာတို့က သဲပုံစေတီများ တည်ထားကာ ဘုရားရှင်၏ ဂုဏ်တော်တို့ကို အာရုံပြုကြည်ညို ပူဇော်ကြသည်။ သဲပုံစေတီပွဲတော်များ ကျင်းပ၍ ပူဇော်ကြခြင်းဖြစ်သည်။

ယနေ့ကာလတွင် စေတီပုထိုးများ၌ ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပကြသည်။ ပဋ္ဌာန်းတရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းခဲဖွယ်များ ဆက်ကပ်ခြင်း၊ ဆွမ်းဆန်တော် လောင်းလှူပွဲများ ကျင်းပခြင်းတို့ကို တပေါင်းလပြည့် အခါသမယ၌ ကျင်းပလျက်ရှိကြသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် တပေါင်းလပြည့် အခါသမယနေ့တွင် မြတ်ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အောက်မေ့ပူဇော်ခြင်းဟူသည့် ဗုဒ္ဓါနုဿတိ ဘာဝနာတရားပွားများအားထုတ်ရင်း သီလဆောက်တည်၊ ကုသိုလ်ကောင်းမှု ဒါနအစုစုတို့ကို မပြတ်အားထုတ်ပြုလုပ်သွားကြခြင်းဖြင့် ကိုယ်စိတ်နှစ်ဖြာချမ်းသာသုခ ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ။

ဂျပန်ဘောလုံးအဖွဲ့ချုပ်က မတ် ၉ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်မည့် အပြည်ပြည်ဆိုင်ရာ နည်းပြဆရာသင်တန်းသို့ တက်ရောက်ရန်ထွက်ခွာသွားသော Air Bagan ဘောလုံးအသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းအား Air Bagan အသင်းအဖွဲ့ခေါင်းဆောင် ဦးစိုင်းခင်မောင်အေး၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ပိုလ်ချုပ်တင်ငွေ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် မတ် ၉

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီတွင် မန္တလေး နန်းမြို့ရှိ အနော်ရထာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက် အမှာစကား ပြောကြားပြီး ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

သင်္ဃန်းကျွန်း အထက (၄) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

ယခင် အလက (၁) ယခု အထက (၄) သင်္ဃန်းကျွန်းကျောင်း၌ (၁၉၈၅-၂၀၀၈) အထိ ပညာသင်ကြားပေးခဲ့ကြသော အသက် (၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၂ ရက်တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဝေးရောက်နေသော သက်ပြည့် ဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် ပူဇော်ကန်တော့ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် ဦးလှကြည် (ကျောင်းအုပ်ဆရာကြီး) ဖုန်း-၅၇၇၉၀၈၊ ဦးအောင်မြင့်သူ (ဥက္ကဋ္ဌ) ဖုန်း- ၅၇၂၃၉၃၊ ဦးစိုးသူ ဖုန်း-၀၉-၅၀-၇၈၈၅၈၊ ဦးလမင်းထွန်း ဖုန်း-၀၉-၅၁-၀၉၉၄၁၊ ဦးသာနိုးသိန်း ဖုန်း-၅၇၀၄၀၃၊ ဒေါ်ရှုပါခင် ဖုန်း-၀၉-၅၁-၆၄၈၂၆ နှင့် ဒေါ်ခင်မာညို ဖုန်း-၀၉-၅၀-၁၂၆၇၂ တို့သို့ ဆက်သွယ်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

(ပညာရေး)

ဂျပန်နိုင်ငံအစိုးရက ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် မတ် ၉

ကျန်းမာရေးဝန်ကြီးဌာနသို့ ဂျပန်နိုင်ငံအစိုးရက လှူဒါန်းသော မြန်မာနိုင်ငံ၏ ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Tamiflu, antiviral medicine and Personal Protective Equipment (PPEs) များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အဆောက်အအုံ၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး HE.Mr. Yasuaki Nogawa က လှူဒါန်းရခြင်း အကြောင်းအရင်းကို ရှင်းလင်းပြောကြားပြီး ဂျပန်ယန်း ၁၂၀၅၉၉၉၈၈ တန်ဖိုးရှိ Tamiflu, antiviral medicine and Personal Protective Equipment (PPEs) များကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် (၃)ရပ်ကွက် မူခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်မှု အသိပညာပေး ဟောပြောဆွေးနွေးပွဲကို မတ် ၈ ရက်က အမက(၁၀) ပုဇွန်တောင်၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှရီ ဟောပြောစဉ်။

(မြို့နယ်ရဲတပ်ဖွဲ့)

ယာဉ်/လမ်းစည်းကမ်းနှင့်အညီ စနစ်တကျမောင်းနှင်ခြင်း စစ်ဆေး

ရန်ကုန် မတ် ၉

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးသိန်းဟန်-၂ ဦးဆောင်သော အဖွဲ့သည် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ရုံး ဦးစီး(၁) ဒုတိယရဲမှူး မြင့်အောင်၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ နယ်မြေ(၇) ဒုတိယရဲမှူးကျော်စိုး၊ ရန်ကုန်တိုင်း ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးမျိုးချစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနခွဲမှူး ဒေါ်တင်တင်ဝင်း၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အဝေးပြေးမှ ဌာနခွဲမှူး ဦးခေတ်လှိုင်တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၁ ရက်က မြောက်ဥက္ကလာပမြို့နယ် အောင်မင်္ဂလာ အဝေးပြေး ယာဉ်ရပ်နားစခန်း အဝေးပြေးဂိတ်မှ ပြည်နယ်/တိုင်း၊ ခရိုင် အသီးသီးသို့ ထွက်ခွာမည့် အဝေးပြေးခရီးသည်တင်ယာဉ်များနှင့် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိ၊ မရှိတို့ကို အထူးရှောင်တခင် စစ်ဆေး၍ ပညာပေး အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

ရန်ကုန် မတ် ၉

တောင်ငူမြို့ ရွှေနှင်းဆီပညာရေးအလှူငွေ စီမံခန့်ခွဲရေးကော်မတီက ကြီးမှူး၍ ပထမအကြိမ် ပညာဒါနအဖြစ် အခမဲ့ အင်္ဂလိပ်စကားပြော သင်တန်းဖွင့်ပွဲကို ရွှေနှင်းဆီ ဒေါ်အုန်းခင် ဘာသာ၊ ပညာ၊ ကျန်းမာအလှူငွေ စီမံခန့်ခွဲရေးရုံးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးကျော်စိန်၊ အတွင်းရေးမှူး ဦးမြင့်ညို(အမေ့အိမ်)နှင့် တွဲဖက်အတွင်းရေးမှူး ဦးညွန့်လှိုင်(မြတ်ရွှေစင်)တို့က အဖွင့်အမှာစကားများ အသီးသီး ပြောကြားကြသည်။

အဆိုပါ သင်တန်းသို့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအပါအဝင် အလွှာပေါင်းစုံတို့မှ သင်တန်းသား၊ သင်တန်းသူ ၁၅၀ ကျော် တက်ရောက်ကြ၍ သင်တန်းတွင် လိုအပ်သည့် စာရေးကိရိယာများကိုလည်း ပညာရေးကော်မတီက ထောက်ပံ့ပေးအပ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(၁၂၉)

သင့်ကြောင့် မီးမလောင်ပါစေနှင့်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၀၈)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၀၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်အဖွဲ့၏ (၁၀၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှု ဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာ၌ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန်အတွက် လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းနိုင်ရန် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များကို လစဉ်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဘဏ်များအားလုံးသည် ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး ဘဏ်လုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ မြင့်မားလာပါက ပြည်သူတို့၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားသည်လည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြဆွေးနွေး ကာ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ မန်နေဂျင်းဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယမြို့တော်ဝန် ဒလမြို့နယ်ဖွံ့ဖြိုးရေးစစ်ဆေး ကျောင်းများအတွက်စာသင်ခုံများပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် မတ် ၇ရက်နံနက်ပိုင်းက တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မြို့မ (၄)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ကျင်းပသည့် ဒလမြို့နယ် အခြေခံပညာကျောင်းများသို့ စာသင်ခုံများပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့တော်ဝန်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က ဒလမြို့နယ် အလက(၃)၊ အထက(၁)၊ အထက(၂)၊ အလက(၄)၊ အထက ပျော်ဘွယ်ကြီးကျောင်းများသို့ စာသင်ခုံ ၃၃၅စုံကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ **(ဓါတ်ပုံ)**

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဒလ-တွံတေး ကားလမ်းဘေးရှိ ဒလမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံ၌ တက်ရောက် ကုသမှုခံယူနေကြသည့် အမျိုးသား၊ အမျိုးသမီး လူနာများ၊ မွေးလူနာ များအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၉

"လုံလောက်သည့် ကိုယ်ပိုင်နေရာအကျယ်အဝန်းနှင့် ပတ်ဝန်းကျင်ထောက်ခံချက်များရရှိပါက ဝပ်ရှော့လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခွင့်ပေးထား သို့မဟုတ်ပါက မြို့ပြင်သို့ထွက်ရမည်"သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၆၈)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် မန္တလေးကျောက်မျက်ရတနာနှင့် တရုတ်ကုန်သည်များ၊ ပို့ကုန်ဆန်ဈေး ပြန်လည်မြင့်တက်၊ စင်ကာပူ ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း ရန်ကုန်၌ အမြတ်ပေါ်၊ နေပြည်တော်၌ ပုဂ္ဂလိကဆေးရုံတစ်ခုတည်ဆောက်၊ ကုမ္ပဏီပိုင်ရှင်များလည်း ဘောလုံးအသင်းပိုင်ရှင်ဖြစ်လာ၊ ရန်ကုန်ရွှေဈေး အကျဘက်သို့ ဦးတည်နေသဖြင့် ဝယ်ယူသူပိုမိုများလာ၊ YCDC မှ ရေစုတွင်းကျယ် ရှစ်ခုထပ်မံတူးဖော်၊ စမ်းချောင်းမြို့နယ် ပဒုမ္မာပန်းခြံအတွင်းနှင့် ကမာရွတ်မြို့နယ် လှည်းတန်းဘတ်စ်ကားမှတ်တိုင်တို့၌ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် လုပ်ငန်းအချို့ လေလံတင်၊ မြန်မာဆိုက်ဘာမြို့တော်တွင် အိမ်ရာပရောဂျက်များ အကောင်အထည်ဖော်မည်၊ ဥရောပနှင့် ဂျပန်တို့ မြန်မာ့သိုင်းပညာကို လာရောက်လေ့လာမည်၊ ပါမောက္ခဒေါက်တာမြသိန်းဟန်၏ လက်ကပြောသောရောဂါများ၊ အမေရိကန်-တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှုအတွင်း မြောက်ကိုရီးယားက မိမိနယ်မြေအတွင်းသို့ကပ်၍ပျံသန်းလာသည့် မည်သည့် လေယာဉ်မျိုးကိုမဆို ပစ်ချမည်၊ မြောက်ကိုရီးယားကို ကြားဖြတ်ဟန့်တားမည့် အမေရိကန်အစီအစဉ်၊ ဂြိုဟ်တုချင်းတိုက်မိစေရန် အမေရိကန် ကြံစည်လုပ်ဆောင်ခဲ့ကြောင်း ရုရှားပြောကြား စသည့်နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်အား အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟုသိရသည်။

(သတင်းစဉ်)

အလင်းသစ် စာကြည့်တိုက်ဖွင့်

နေပြည်တော် မတ် ၉

နေပြည်တော်ပျဉ်းမနားမြို့နယ် ညောင်ပင်သာအုပ်စု အလယ်ရွာ "အလင်းသစ်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၅ရက် နံနက် ၇နာရီတွင် အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပိုင်၊ နေပြည်တော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဖေနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Junior Davis Cup တင်းနစ်ပြိုင်ပွဲ ကျင်းပပြီးစီး

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော ၂၀၀၉ခုနှစ် Junior Davis Cup/Junior Fed Cup, World Junior Tennis Competition(Boys & Girls) Asia/Oceania Pre-Qualifying Tennis ပြိုင်ပွဲ၏ နောက်ဆုံးနေ့ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်မြို့သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

အသက်(၁၆)နှစ်နှင့် အောက် Junior Davis Cup တင်းနစ်ပြိုင်ပွဲတွင် အသင်း ခုနစ်သင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမ ဥဇဘက်ကစ္စတန်အသင်း၊ ဒုတိယ ပါကစ္စတန်အသင်းနှင့် တတိယ မြန်မာအသင်းတို့ ရရှိကြသည်။ အသက် (၁၆)နှစ်နှင့်အောက် Junior Fed Cup တင်းနစ်ပြိုင်ပွဲတွင် အသင်းလေးသင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမ မလေးရှား၊ ဒုတိယ ကာဇစ္စတန်အသင်းနှင့် တတိယ သီရိလင်္ကာအသင်းတို့ ရရှိကြသည်။ အသက်(၁၄)နှစ်အောက် World Junior Tennis Competition အမျိုးသား ပြိုင်ပွဲတွင် ပထမ မြန်မာအသင်း၊ ဒုတိယ စင်ကာပူအသင်းနှင့် တတိယ သီရိလင်္ကာအသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမ မြန်မာအသင်း၊ ဒုတိယ စင်ကာပူအသင်းနှင့် တတိယ သီရိလင်္ကာအသင်းတို့ ရရှိကြသည်။

ပြိုင်ပွဲအမျိုးအစား လေးမျိုး ကျင်းပရာတွင် ပထမ၊ ဒုတိယ၊ တတိယ သုံးသင်းသည် အာရှလက်ရည်စစ်ပွဲ အသက်(၁၆)နှစ်အောက် Junior Davis Cup အသင်း၊ အသက်(၁၄)နှစ်အောက် World Junior Tennis Competition အမျိုးသား၊ အမျိုးသမီးအသင်းတို့တွင် မြန်မာအသင်းအနေဖြင့် တိုက်ရိုက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၉ရက်က တာမွေမြို့နယ် အမက(၁၁)(လ/ခွဲ)၌ ၂၀၀၇-၂၀၀၈ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆု ရရှိခဲ့သော မခိုင်လင်းလဲ့ဦးအား ကျောင်းအုပ်ဆရာကြီး ဦးထွန်းဝင်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကြည့်ရှုအားပေး

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဖိုးချစ်ဇာတ်သဘင်အဖွဲ့က ဖျော်ဖြေတင်ဆက်ရာ ဒေသခံ ပြည်သူများ ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော် တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများဖြင့် ဆက်လက်ပြသဖျော်ဖြေ

ပြည်သူများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲ

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော် တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဒေသခံပြည်သူများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲကြစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၉

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို နဝမနေ့ဖြစ်သော ယမန်နေ့ ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ “ဖိုးချစ်” ဇာတ်သဘင်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်တင်သတင်းမှတ်တမ်း၊ “ငါ သူတစ်ပါးယောက်ျားမိန်းမ” နှင့် “မိုးပေါ်ခုန်တက်ကလိုက်ချင်တယ်” ရုပ်ရှင်ဇာတ်ကားများဖြင့် ပြသဖျော်ဖြေပြီး ဒေသခံပြည်သူ ၉၁၃၀၀ ကျော် ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

ဒသမနေ့အဖြစ် ယနေ့ညပိုင်းတွင် “ဖိုးချစ်” ဇာတ်သဘင်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က “ကိုးဆယ်ဆသာလိမ့်မယ်”နှင့် “အမေနှင့်သမီးများ”ရုပ်ရှင်ဇာတ်ကားများဖြင့် ပြသဖျော်ဖြေသည်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချစဉ်။

(ယာပုံနှင့် အောက်ပုံ)

(သတင်းစဉ်)



မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် အနေကဇာတင်

နေပြည်တော်ရှိ ဥပ္ပါတသန္တိ ကုန်းတော်ပြင်၌ တည်ဆောက်ပြီးစီး အောင်မြင်ခဲ့သည့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနား ကျင်းပနေမှုကို ဝေဟင်မှ တွေ့မြင်ရစဉ်။

(သတင်းစဉ်)

ရွှေဖုံးမှ

နေပြည်တော်ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေး မြို့နယ်တို့မှ သံဃနာယကအဖွဲ့ဝင် ဆရာတော် သံဃာတော်များနှင့် ပင့်သံဃာတော်များ စုစုပေါင်း အပါး ၁၀၈၀တို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ မြို့တော်ဝန်များ၊ ဒုတိယ ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဥပ္ပါတ သန္တိစေတီတော် တည်ဆောက်ရေးဦးစီး ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီး အကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဒေသခံပြည်သူ များ၊ ဘာသာရေးနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက် ကြည်ညိုကြ သည်။

မဟာမင်္ဂလာ အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မ ဇောတိက ဓဇ ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ စေတီတော် လိုဏ်တော် အတွင်း ဥတ္တရဒိသာ မြောက်ဘက်အရပ် မျက်နှာရှိ မဟာမဏိမယ ကဿပ ဗုဒ္ဓ ပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော် အား နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစု များက မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီး ဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်း တော်တို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော် ကြည်ညိုကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❁

ဆက်ကပ်လှူဒါန်း

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း ပစ္ဆိမဒိသာ အနောက်ဘက်အရပ်မျက်နှာရှိ မဟာမဏိမယ ကောဏာဂမန ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဗုဒ္ဓမြတ်ရှင်ပြည်တော်ဝင်" တပေါင်းလပြည့်နေ့တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ)
၈း၁၀ - ၂း၁၀	ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
၈း၂၀ - ၂း၂၀	တေးဂီတအစီအစဉ်
၈း၃၀ - ၂း၃၀	Sunday Talk
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	သာသနာ့အမွေခံရှင်ပြုရဟန်းခံ
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	Study Guide (M & S School of Dressmaking & Design)
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူမြတ်သောအလှူ
၁၀း၄၀ - ၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅ - ၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅ - ၄း၅၅	တိရစ္ဆာန်လေးတွေမွေးကြမယ် (Smart Pet Shop)
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ [ကျမ်းပြုစာရေးဆရာ သမိုင်းသုတေသီ ဦးသန်းထွန်း(ရွှေဘို)နှင့် တွေ့ဆုံခြင်း]
၁၁း၃၅ - ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ - ၅း၄၀	ရွှေမင်းသမီးရဲ့ အလှူပွဲ
၁၁း၅၅ - ၅း၅၅	လယ်ယာသုံးစက်ကိရိယာအရည်အသွေးမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ
၁၂း၂၀ - ၆း၂၀	Music Gallery (တေးသံရှင်ရဲ့တေးလက်ဆောင် - Rဇာနည်)
၁၂း၄၀ - ၆း၄၀	တီဘီရောဂါပပျောက်ဖို့ တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးနှင့် ကုသကြပါစို့ (ဒေါက်တာအောင်ကျော်လင်း၊ဒေါက်တာကျော်မြင့်ဦး)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Liverpool - Real Madrid	ESPN (Live)
	Juventus - Chelsea	STAR SPORTS (Live)

✳ ပွဲစဉ်အပြောင်းအလဲရှိနိုင်သည်။

အနေကဇာတင် မင်္ဂလာ အခမ်းအနား

နေပြည်တော်ရှိ ဥပ္ပါတသန္တိ ကုန်းတော်ပြင်၌ တည်ဆောက်ပြီးစီး အောင်မြင်ခဲ့သည့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော်၊ သံဃာတော် အပါး ၁၀၈၀ တို့ ဗုဒ္ဓါဘိသိက်သွန်းလောင်းတော်မူကြစဉ်။

(သတင်းစဉ်)

❁ စာမျက်နှာ ၅ မှ

စေတီတော် လိုဏ်တော်အတွင်း ပစ္ဆိမဒိသာ အနောက်ဘက်အရပ်မျက်နှာရှိ မဟာမဏိမယ ကောဏာဂမန ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်အား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

တောင်ဘက်အရပ်မျက်နှာ

စေတီတော် လိုဏ်တော်အတွင်း ဒက္ခိဏဒိသာ တောင်ဘက်အရပ်မျက်နှာရှိ မဟာမဏိမယ ကကုသန္ဓဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်အား ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

အရှေ့ဘက်အရပ်မျက်နှာ

စေတီတော် လိုဏ်တော်အတွင်း ပုရတ္ထိမဒိသာ အရှေ့ဘက်အရပ်မျက်နှာရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

မဟာဆုတောင်းပြည့်

တစ်ချိန်တည်းမှာပင် စေတီတော် ရင်ပြင် အရှေ့မြောက်ထောင့် ဂန္ဓကုဋီ ကျောင်းဆောင်တော်အတွင်းရှိ မဟာဆုတောင်းပြည့်ဘုရားကြီးအား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းတို့က မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ထိုအချိန်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်အပါး ၁၀၈၀ တို့သည် ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူမည့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်းရှိ မဟာမဏိမယဗုဒ္ဓရုပ်ပွားတော်များ ရှေ့၌လည်းကောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

ဆရာတော်၊ သံဃာတော် အပါး ၁၀၈၀ တို့ ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူ

အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းတို့ မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ (ငါး၊ လိပ်)များအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေးကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၃-၂၀၀၉ (အင်္ဂါနေ့)

[၁၃၇၀ပြည့်နှစ်၊ တပေါင်းလပြည့်နေ့(ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ စက်ခေါင်းသစ်၊ယန္တရားသစ်များဖြင့်မြန်မာ့မီးရထား
၈း၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၅ ၈။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News.
၈း၄၀ ၁၀။ **"လှေကားသုံးထစ် ဆင်းတဲ့အခါ" (အရိုင်း၊မင်းသူ၊ အေးသီတာ)[ဒါရိုက်တာ-သိန်းဟန် (ဖိုးနစ်)]**
၈း၅၀ ၁၁။ အဆိုပြိုင်ပွဲ
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀ ၃။ ကြေးမုံရိပ်သွင်တေးနှယဉ်
၄း၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၇။ **"ရိုးသားစွာကြိုးစားပါ" [ထွန်းထွန်းဝင်း၊မြင့်မြင့်ခိုင်၊ ဟိန်းထက်ဇော်(ခ)ကာဟော့၊ ဝီယ၊ဦးစောနိုင်(ရှမ်းပြည်)၊ ဦးရဲစိန်၊ကြည်စိုး(IC)၊ ဒေါ်အိအိစိုး၊ဒေါ်သဲနုခိုင်] [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]**
၅း၃၅ ၈။ ဓမ္မပူဇာတေး
၅း၄၅ ၉။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၃။ ဆိုလိုက်ကြစို့
၇း၂၅ ၁၄။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ" (အပိုင်း-၁၉)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မြတ်နှလုံးသား ပိုင်ရှင်" (အပိုင်း-၃၄)**
၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၀။ အစီအစဉ်ပြီး၏။

ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအောင်မြင် အောင်ဂါထာတော်လေးပုဒ် ရွတ်ဆိုပူဇော် ဗုဒ္ဓါဘိသိက်သွန်းလောင်း

❐ စာမျက်နှာ ၆ မှ

စေတီတော် အထက်ပစ္စယာ၌ လည်းကောင်း၊ စေတီတော်ရင်ပြင် အရှေ့မြောက်အရပ်ရှိ မဟာဆုတောင်းပြည့် ဘုရားကြီးရှေ့၌ လည်းကောင်း အသီးသီးကြွရောက် သီတင်းသုံးတော်မူကြသည်။

ထို့နောက် မဟာမင်္ဂလာအခမ်းအနား ပထမပိုင်း ဒါန၊ သီလ၊ ဘာဝနာကုသိုလ်မှု ဆည်းပူးခြင်း အစီအစဉ်ကို လိုဏ်တော် အတွင်း၌ကျင်းပရာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစု တို့ အမှူးပြုသော ပရိသတ်များက ကိုးပါး သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩဘာသ ဘိဝံသထံ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေးနှင့် ဇနီး ဒေါ်ကြည် ကြည်အုန်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဆရာတော် သံဃာတော် များထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီး များနှင့် တိုင်းမှူးတို့ က လှူဖွယ်ဝတ္ထုပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

အစီအစဉ်အရ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် အဘိ ဇမဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး ရေစက်သွန်းချအမျှပေးဝေ ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ဆရာတော်များ ဦးဆောင်တော်မူသော ဆရာတော် သံဃာတော်များအား ဥပ္ပါတသန္တိစေတီ တော်မြတ်ကြီး၏ လိုဏ်တော်အတွင်းရှိ မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓပဋိမာ ရုပ်ပွားတော်လေးဆူနှင့် မဟာ ဆုတောင်းပြည့်ဘုရားကြီးတို့အား ဗုဒ္ဓါ ဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြပါရန် အခမ်းအနားမှူးက မဟာမင်္ဂလာအခမ်းအနား လွှဲအပ် စာတမ်းကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြု သော ဆရာတော် သံဃာတော် အပါး ၁၀၈၀ တို့သည် ဥဒါန်းပါဠိတော်လာ နည်းအတိုင်း အနေကဇာတိ သံသာရံ ဂါထာတော်၊ ပဋိစ္စသမုပ္ပါဒ် အနုလောမ ဒေသနာတော်၊ ယဒါဟဝေ ပထမဂါထာ တော်၊ ပဋိစ္စသမုပ္ပါဒ်ပဋိလောမ ဒေသနာ တော်၊ ယဒါဟဝေ ဒုတိယဂါထာတော်၊ ပဋိစ္စသမုပ္ပါဒ် အနုလောမ ပဋိလောမ ဒေသနာတော်၊ ယဒါဟဝေတတိယ ဂါထာတော်၊ ပဌာန်းပစ္စယုဒ္ဒေသပါဠိ တော်၊ " ဇယန္တောဗောဓိယာမူလေ" အစချီ သော အောင်ဂါထာတော်နှင့် "ဇယောဟိ ဗုဒ္ဓဿ သိရီမတော" အစချီသော အောင်ဂါထာတော် လေးပုဒ်တို့ကို ရွတ်ဆို ပူဇော်တော်မူကြ၍ ဗုဒ္ဓါဘိသိက် သွန်း လောင်း တော်မူကြသည်။

ထို့နောက် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဦးစံသင်းလှိုင်က အောင်ဆု မင်္ဂလာအမျှဝေစာတမ်း ဖတ်ကြား၍ အမျှ ဝေပြီး အခမ်းအနားမှူးက 'ဒေဝဂမန ဝေလာဂါထာ' ဖြင့် နတ်ပြဟ္မာများအား ပြန်လည်ပို့ဆောင်ကာ ပရိသတ်များက "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနား နံနက် ၈ နာရီ ၃၅ မိနစ်တွင် အောင်မြင် စွာ ကျင်းပပြီးစီးသည်။

ယင်းနောက် မဟာမင်္ဂလာ အခမ်း အနား ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ မဟာ မင်္ဂလာအခမ်းအနားများ ဆောင်ရွက် ကျင်းပ အောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် အဘယဒါန၊ ဇီဝိတဒါန၊ အာယု ဒါနမင်္ဂလာနှင့် မာလိနီမင်္ဂလာ ရေကန် တော်ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီ တော်မြတ်ကြီး၏ ပရိဝုဏ် တောင်ဘက် အရပ်မျက်နှာရှိ အဆိုပါ မင်္ဂလာရေကန် တော်၌ ဆက်လက် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူး သဒ္ဓမ္မ ဇောတိကဓဇ ဦးသူရက မေတ္တာပို့ဂါထာကို ဖတ်ကြား၍ အခမ်းအနားကို ဖွင့်လှစ် သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ဆက်ကပ် လှူဒါန်း

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း ဒက္ခိဏဒိသာ တောင်ဘက်အရပ် မျက်နှာရှိ မဟာ မဏိမယ ကကုသန္ဓ ဗုဒ္ဓပဋိမာ ရတနာ ကျောက်စိမ်းရုပ်ပွားတော်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်းမန်၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြ စဉ်။

(သတင်းစဉ်)

ဆက်ကပ် လှူဒါန်း

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း ပုရတ္ထိမဒိသာ အရှေ့ဘက်အရပ်မျက်နှာရှိ မဟာ မဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာ ကျောက်စိမ်း ရုပ်ပွားတော်အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီး ဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာ သက်န်းတော်တို့ကို ဆက်ကပ်လှူဒါန်း ကြစဉ်။

(သတင်းစဉ်)

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ရင်ပြင် အရှေ့မြောက်ထောင့် ဂန္ဓကုဋိ ကျောင်းဆောင်တော်အတွင်းရှိ မဟာ ဆုတောင်းပြည့် ဘုရားကြီးအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင် စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ မြသပိတ်ဖြင့် ဆွမ်းတော်၊ သစ်သီး ဆွမ်း၊ ပန်းမန်၊ ရေချမ်းနှင့် ရွှေကြာသက်န်းတော်တို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ(ငါး၊ လိပ်) များအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေးကြစဉ်။ (သတင်းစဉ်)

✳ စာမျက်နှာ ၇ မှ

ထို့နောက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုဝင်များ အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများက ရေသားသတ္တဝါ(ငါး၊ လိပ်) များအား ရွှေရည်၊ ငွေရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနားမှူးက 'မေတ္တာ ပုဗ္ဗက အာသီသ ပတ္ထနာဂါထာ' ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့က မာလိနီ မင်္ဂလာရေကန်တော် အတွင်းသို့ ရေသားသတ္တဝါ (ငါး၊ လိပ်) များအား ဘေးမဲ့လွှတ်၍ အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါနမင်္ဂလာကို ဆောင်ရွက်ကြပြီး အာဟာရဒါနအဖြစ် ရေသားသတ္တဝါများအား အစာအာဟာရများ ကျွေးမွေးလှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ရေကန်တော်အတွင်းသို့ ရေသားသတ္တဝါများအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် ဝန်ကြီးများက ရေကန်တော်အတွင်းသို့ ရေသားသတ္တဝါများအား အာယုဒါန ဘေးမဲ့လွှတ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက "ဇယန္တော ဗောဓိယာ မူလေ" အစရှိသော ဇယမင်္ဂလာ အောင်ဂါထာတော်ကို ရွတ်ဆိုကြပြီး နံနက် ၉ နာရီ ၄၅ မိနစ်တွင် မင်္ဂလာ အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ မဟာမင်္ဂလာအခမ်းအနားများ ဆောင်ရွက်ကျင်းပအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါနမင်္ဂလာနှင့် မာလိနီမင်္ဂလာရေကန်တော်ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ရေသားသတ္တဝါ ဘေးမဲ့လွှတ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း တို့ မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ(ငါး၊ လိပ်) များအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ မာလိနီ မင်္ဂလာရေကန်တော် အတွင်းသို့ ရေသားသတ္တဝါ (ငါး၊ လိပ်) များအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေးကြစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ... များနှင့်အညီ ကျင်းပသည ... စေတီတော်မြတ်ကြီး မြသ ... သက်န်းတော်ကပ်နှင့် ... အနေကဇာတင် မဟာမင်္ဂလ ... အောင်မြင်စွာ ကျင်းပပြီးစီ ...

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင ... ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောန ... အတွင်းသို့ ရေသားသတ္တဝါ(ငါး၊ လိပ်) များအား အဘယဒါန၊ ဇီဝိ ... ကြစဉ်။



တာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ
နှင့်အညီ ကျင်းပသည့် ဥပ္ပါတသန္တိ
ကီတော်မြတ်ကြီး မြသပိတ်၊ ရွှေကြာ
က်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက
နကဇာတင် မဟာမင်္ဂလာအခမ်းအနား
ာင်မြင်စွာ ကျင်းပပြီးစီး။

ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ
ဦး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ မာလိနီ မင်္ဂလာရေကန်တော်
ရေသားသတ္တဝါ(ငါး၊ လိပ်) များအား အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန ဘေးမဲ့လွှတ်ပေး
(သတင်းစဉ်)



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး
အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား
ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား
မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ
ရတနတ္တယပူဇာမင်္ဂလာရတုလွှာ

* **မြို့တော်နေပြည်**	ဝပြောစည်သား	သာကီမျိုးဇာတ်	ဆင့်ဆင့်ထပ်၍	မင်းမြတ်ရာဇာ
သာသနာကို	ကိန်းလှာပျော်ပိုက်	ကြာဝမ်းတိုက်မှာ	စွဲပိုက်သန္ဓေ	အမြုတေဖြင့်
ဤမြေသင်းသီး	ရွေးချယ်ပြီးမှ	အောင်ဇည်းမြေပြင်	ရှင်းသန့်စင်၍	တောင်စဉ်ပဗ္ဗတ
ဝန်းရံခသည့်	ဘူမချက်ချာ	ပဋိသာဠ်	ရှစ်ဖြာကြန်အင်	ပန္နက်တင်လျက်
ဝန်းကျင်ပတ်ကုံး	မြေပြင်ဆုံးမျှ	မိုးလုံးပတ်လည်	မင်းနေပြည်မှာ	နတ်ပြည်ယိုးမှား
ဝတီဖျားသို့	ကြွားရွှားတင့်တယ်	ရှုချင့်ဖွယ်တည့်	သွယ်သွယ်ပြန့်ပြူး	စိတ်ကြည်နူးလျက်
စူးစူးရေလျှဉ်	ပန်းဥယျာဉ်နှင့်	ကျောက်စဉ်ကျောက်တန်း	ပန်းခင်းလမ်းဝယ်	ရွှင်လန်းပန်းဖြေ
ပြည်သူဆွေတို့	ရှုလေသာမော	တသောသောဖြင့်	ဤတောဤတောင်	မြစိမ်းရောင်သို့
မျှော်ယောင်မှန်းဆ	တမ်းတမ်းတလျက်	ဌာနစုံညီ	ကိုယ်စိတ်ကြည်၍	ခိုင်ကျည်လက်များ
စွမ်းပကားဖြင့်	လုပ်အားသော့နှင်	မြားလေးတင်သို့	ပြည်ခွင်အေးချမ်း	ဘေးမသန်းဘဲ
လျှောက်လှမ်းညီတူ	တို့ပြည်သူတို့	ကြည်ဖြူလက်တွဲ	အားမာန်ဖွဲ့ဖြင့်	အောင်ပွဲခြိမ့်ခြိမ့်
မိုးယံသိမ့်မျှ	တည်စိမ့်ရှည်ကြာ	သာသနာဝယ်	ဂုဏ်ဖြာအနန္တ	မြတ်ဗုဒ္ဓ၏
ဥပ္ပါတသန္တိစေတီ	ဖူးမြော်ရည်သည်	**နေပြည် နဂရ**	**မြို့တော်သာတကား။**	
* **သို့နော်ဝေစည်**	ကြွလှာရည်သား	ဇာနည်ရှင်မြတ်	သာကီဇာတ်၏	နွယ်မှတ်စဉ်လာ
ရှင်မဟာဟု	ထေရာ ကဿပ	အဇာတနှင့်	ဓမ္မသောကာ	နရိန္ဒာမှ
ဆင့်ကာပွားတည့်	ဣတိပိနှင့်	ဣမိနာစ	မြတ်ဗုဒ္ဓ၏	ကာရဏောန
အတုလကြောင့်	ဘက်မျှပြိုင်စံ	နှုန်းမတန်ဘဲ	ဂုဏ်လျှံကဲလျှောက်	ဂုဏ်ဖြိုးမောက်၍
ထီးကျောက်တန္တ	အလေးပြုရ	ကောင်းမှုပါရမီ	စုံပြည့်ညီ၍	ဆယ်လီပုည
ဂုဏ်ကိုးဝနှင့်	ဆဠ္ဌတေဇာ	ပျံ့ဝှန့်ဖြာလျက်	သစ္စာဥေ ယျ	ကုသိုလ်စသည့်
ဓမ္မရတနာ	လေးသစ္စာဖြင့်	အရိယာမင်	တဏှာဖျက်၍	တုဖက်ကင်းဌာ
ဘဂဝါဟု	ဗြဟ္မာလူနတ်	ကော်ရော်လတ်ကာ	လေးမြတ်ပူဇော်	ခုချိန်သော်တည့်
ဘုန်းတော်လျှံစီ	ခြောက်ရောင်လီဖြင့်	ဘာဂီဘုန်းဒြပ်	သောင်းဥက္ကဋ္ဌ၏	မေ့ခေတ်သရီ
မြတ်စေတီကို	မဟီတရိုး	ဂူပုထိုးဖြင့်	ဘေးဘိုးဘီဘင်	ဖူးမြော်တင်၍
ပြည်ခွင်အနှံ့	တည်ထားဖြန့်၏	တိုင်းမြန့်မြန်ပြည်	ဗွေမဟီလည်း	စေတီမြားမြောင်
ရွှေသားရောင်ဖြင့်	ရာထောင်မက	ကြယ်နေလသို့	ဗုဒ္ဓပရမေ	အမြုတေတို့
ဒေသစာရီ	မကိုဋ္ဌတည်သည်	**ဝေစည် ရတန**	**သို့နော်ပါတကား။**	
* **မျှို့သော်နေခြည်**	ပ ထွန်းလည်သား	ရောင်ခြည်ဝန်းစက်	ရွှန်းရွှန်းလက်မျှ	မိုးထက် ဝဠာ
ကြယ်တာရာနှင့်	ဒသာစန်းလင်	တိထီမြတ်ဝယ်	နက္ခတ်ရှုမျှော်	ခါသင့်တော်တည့်
ရည်မျှော်တည်ထ	ဤဘူမကား	ဘုရားသာသနာ	ထွန်းသစ်ရာ ဟု	ဣန္ဒာသဏ္ဍ
သုယာမတို့	ညွှန်ပြထောက်ကူ	စောင့်ကြပ်မှုလျက်	များလူပေါ်ယယ်	မြို့ပြကျယ်၍
တင့်တယ်ဖွံ့ဖြိုး	ဘုန်းတန်ခိုးတို့	ကျော်ဟိုးထင်ထင်	ရန်အောင်မြင်၍	ပြည်ခွင်အေးချမ်း
သာယာလန်းလျက်	စိတ်ဝမ်းညီတူ	ရွှေပြည်သူတို့	ညီမူလက်တွဲ	ဤအောင်ပွဲမှာ
သဲသဲထိန့်ကျော်	ရွှေထီးတော်ကို	ပူဇော်လှူလတ်	မွေတော်ခေတ်တို့	ကိန်းဝပ်ပျော်စံ
မြတ်ဇိနံအား	ဆုပန်လျှောက်ကြား	ထံတော်ပါးဝယ်	ဝပ်တွားပူဇော်	ရွှေထီးတော်မှာ
မိုးပေါ်ထွင်းဖောက်	ငွားငွားရောက်၍	ထက်အောက်ပျံ့လွှား	ပန်းရထားဖြင့်	လွှန်းသွားလွှန်းပြန်
ရွှေတောင်ပံဖြင့်	မြင်းပျံမြူးထူး	တင်ဆောင်ကူး၍	မြော်ဖူးသူငါ	တင်ပဏာဖြင့်
အခါနရီ	စက်ယဋ္ဌိမှာ	သံချိုညွတ်ပျောင်း	အုတ်အော်သောင်းဖြင့်	အပေါင်းမြေလွှာ
ဣန္ဒာနတ်မင်း	စောင့်ကြပ်နှင်းလျက်	အောင်ခြင်းဇိတံ	အောင်သံဟစ်ကြွေး	အောင်ဟိတ်ပေးကာ
အောင်တေးဝေစည်	ဘဝဂ်တည်သည်	**နေခြည် ပဝရ**	**မျှို့သော်ပါတကား။**	

ဦးကျော်သက်ခိုင်(မုံရွာ)

ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း တက်ရောက်

နေပြည်တော် မတ် ၉

ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ရက် မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း တက်ရောက်အမှာစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် အေးမြသာယာရပ်ကွက်ရှိမြန်မာနိုင်ငံခရစ်ယာန်များ မိတ်သဟာရ (မြစ်ကြီးနား) မျက်မမြင်ကျောင်းသို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

တိုင်းကျိုးပြည်ပြု နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြပွဲနှင့် တိုင်းရင်းသားရိုးရာကြိမ်ဝါးဖြင့်ပြုလုပ်သည့် လက်မှုပညာပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၈ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်ယဉ်ကျေးမှုဦးစီးဌာန၌ ကျင်းပရာ တိုင်းမှူးက အခမ်းအနားကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြကွင်း ပြကွက်များနှင့် ကြိမ်ဝါးဖြင့် တိုင်းရင်းသားရိုးရာ အသုံးအဆောင်ပစ္စည်းများ ရက်လုပ်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့အား တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက်တိုင်းမှူးသည် မြစ်ကြီးနား စက်မှုလက်မှုရပ်ကွက်သို့ သွားရောက်ပြီး လုပ်ငန်းရှင်များ ပူးပေါင်းတီထွင်ထားသည့် ရွှေ့ပြောင်းစပါးခွဲ လောင်စာသုံး ဓာတ်ငွေ့စက်ဖြင့် အင်ဂျင်စက်မောင်းနှင်လည်ပတ်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရတနာပုံမြို့သစ်(မြောက်ပိုင်း)ရှိ သဲရေစစ်ကန်၊ ရေလှောင်ကန် ရေတွန်းစက်ရုံနှင့် ပိုက်များသွယ်တန်းနေမှု မန္တလေးမြို့တော်ဝန်စစ်ဆေး

မန္တလေး မတ် ၉

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တွဲဖက်အတွင်းရေးမှူး ဦးစန်းမောင်၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာအနီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောက်လုပ်လျက်ရှိသော သဲရေစစ်ကန်၊ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်ပြီးစီးမှုလုပ်ငန်းများနှင့် ရတနာပုံမြို့သစ်(မြောက်ပိုင်း) အိမ်ရာစီမံကိန်းအတွင်း ရေရရှိရေးအတွက် ရှစ်လက်မ (PVC) ရေပိုက်များ သွယ်တန်းချထားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့အား ရေနှင့်သန့်ရှင်းမှုဌာနဌာနမှူးနှင့်တာဝန်ခံအင်ဂျင်နီယာများက ရတနာပုံမြို့သစ်အနေဖြင့် အိမ်ရာစီမံကိန်း(မြောက်ပိုင်း)အတွက် ရေဂါလန်တစ်သိန်းဆံ့ ကနဦးအနည်ကျကန်၊ ရေဂါလန်ငါးသိန်းဆံ့ရေလှောင်ကန်၊ ရေစစ်ကန်နှင့် ရေတွန်းစက်ရုံ တည်ဆောက် ပြီးစီးမှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့တော်ဝန်က ရတနာပုံမြို့သစ်(မြောက်ပိုင်း) အိမ်ရာစီမံကိန်းအတွက် ယခုအခါ ဆောက်လုပ်ရေးကုမ္ပဏီများက အဆင့်မြင့်အိမ်ရာများ စတင်တည်ဆောက်နေပြီဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများတွင် ရေလိုအပ်မည်ဖြစ်သည့်အပြင် တည်ဆောက်ပြီးစီးပါက အခြေချနေထိုင်သူများအတွက်လည်း သောက်သုံးရေသန့်များ လုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတ်မှတ်ရက်အတွင်းပြီးစီးရေး၊ စံချိန်စံညွှန်းမီရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အလေအလွင့်နည်းပါးရေးတို့အတွက် တာဝန်ရှိသူများမှ နေ့စဉ်ကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရတနာပုံမြို့သစ်(မြောက်ပိုင်း)အဆင့်မြင့်အိမ်ရာစီမံကိန်း အဓိကလမ်းမကြီးဘေးတွင် ရေလုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် ရှစ်လက်မ (PVC)ပိုက်အရှည် ပေ ၉၀၀၀ ကျော်သွယ်တန်းချထားမှုများကို လိုက်လံကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၆၉)

ကမ္ဘာလှည့်ခရီးသွားများအတွက် မြေပုံများ အခမဲ့ထပ်မံဖြန့်ချိ

ရန်ကုန် မတ် ၉

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုအဆင်ပြေတိုးတက်စေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ထုတ်ဝေသော Tourist Maps of Myanmar (TMM-22) ကို အခမဲ့ ထပ်မံဖြန့်ချိလိုက်ပြီဖြစ်သည်။

Tourist Maps of Myanmar (TMM-22) တွင် မြန်မာပြည် အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊ မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီး အသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ ငပလီမြေပုံ၊ ငွေဆောင်မြေပုံ၊ ချောင်းသာမြေပုံ၊ မြိတ်မြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ ပြည်တွင်း လေကြောင်းလိုင်းများ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၊ ခရီးသွားလုပ်ငန်းများ၏ တည်နေရာကို တိကျရှင်းလင်းစွာ ဖော်ပြထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် ထိုခရီးသွားလမ်းညွှန်မြေပုံများ၏ အကူအညီနှင့် မြန်မာနိုင်ငံတွင်းရှိ စိတ်ဝင်စားဖွယ်ရာနေရာများသို့ အချိန်ကုန်သက်သာစွာဖြင့် လေ့လာနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံသို့ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသွားများ လွယ်လင့်တကူ သုံးစွဲနိုင်ရန် အဆိုပါမြေပုံများကို လေဆိပ်မှစ၍ ပြည်တွင်းရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ NGO များ၊ သံရုံးနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့သာမက ယခုအကြိမ်တွင် နိုင်ငံတကာရှိ မြန်မာသံရုံးများသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ကြီးကြပ်ပေးပို့သွားမည်ဖြစ်သည်။ ထို့ပြင် ပြည်ပနိုင်ငံများရှိ ခရီးသွားလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၊ ဥပမာ-ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၊ ဂျာမနီခရီးသွားလုပ်ငန်း အစည်းအရုံးများသို့ ဖြန့်ဝေပေးမည်ဖြစ်သည်။ အထူးသဖြင့် မတ် ၁၁ ရက်မှ ၁၅ ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ကျင်းပမည့် (ITB Berlin-2009)တွင် ဖြန့်ဝေပေးမည်ဖြစ်သည်။



အထူးသဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသူများ အသုံးအများဆုံး ယခု Tourist Maps of Myanmar (၂၂) ကြိမ်မြောက်ကို နိုင်ငံတကာသို့ ပိုမိုအားဖြည့်ပေးပို့သွားမည်ဖြစ်ပြီး ပြည်တွင်းမှ လုပ်ငန်းရှင်များအနေဖြင့်လည်း လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ကြသည်။

အဆိုပါလမ်းညွှန်မြေပုံများကို ဟိုတယ်၊ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီအမှတ်တံဆိပ်ပါ ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း (ဆူးလေ)တွင် လည်းကောင်း၊ D.P.S မြေပုံထုတ်ဝေရေး အမှတ်(၁၆၅-၁၆၇)ပထမထပ် (၃၅)လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ Tel:(၉၅-၁)၂၀၄၀၂၀၊ ၂၀၄၂၀၀၊ Tel/Fax:(၉၅-၁)၂၄၅၂၃၀ တွင် လည်းကောင်း ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MAY Int'l School 2008-09 Scholarship သင်တန်းဆင်းပွဲနှင့် Summer School 2009 ကျောင်းအပ်နှံနေ့

MAY INT'L EDUCATION & TRAINING CENTER

ရန်ကုန် မတ် ၉

MAY Int'l School တည်ထောင်သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် Cambridge Exam Preparation Course Scholarship စာမေးပွဲ ၂၀၀၈-၀၉ ကို မြို့နယ်အလိုက်ဝင်ရောက်ဖြေဆိုသူ ၂၀၀၀ ကျော်အနက် Scholarship ရရှိသူ ၂၀၀ ခန့်၏ (Starters, Movers, Flyers, KET, PET နှင့် TKT) သင်တန်းပြီးဆုံး အောင်မြင်ခြင်း အခမ်းအနားနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၀ ရက်တွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel, Ball Room ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် MAY Int'l School ၏ Director တစ်ဦးဖြစ်သည့် Mr. Brenton Mueller က 2009 Summer School တွင် သင်ကြားမည့် ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားမည်ဖြစ်ပြီး မတ် ၁၀ ရက်ကို MAY Int'l Summer School နောက်ဆုံး ကျောင်းအပ်နှံနေ့အဖြစ် သတ်မှတ်ထားရာ လက်ကျန်ခုံနေရာများအတွက် အဆိုပါနေ့၊ အဆိုပါ Hotel ၌ ကျောင်းအပ်နှံပါက ၅၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ ကျောင်းလခ ကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်သည်။

MAY Int'l School ၏ နွေရာသီသင်တန်းများကို March လမှ MAY လအတွင်း Cambridge Exam Preparation Course များအပြင် TOEFL, IELTS, SAT, GCE,LCCI, MYOB, GMAT, GRE သင်တန်းများကိုပါ ဖွင့်လှစ်ပေးမည်ဖြစ်ရာ အသေးစိတ်ကို May Int'l School - (91) A ဗညားဒလလမ်း (တာမွေလမ်း) ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၅၄၄၂၂၄၊ ၀၁-၅၄၅၃၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မှုခင်းကျဆင်းရေး ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမတွင် ဖေဖော်ဝါရီ ၁၆ ရက် နံနက်က လူကုန်ကူးမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် မှုခင်းကျဆင်းရေး ဟောပြောပွဲကျင်းပရာ ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးတပ်ဖွဲ့မှ ရဲအုပ်နော်ဖောဖ၊ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး တင်စိုးရှိန်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ကော်ကော်မြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးမြင့်ဝင်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဟောပြောကြသည်။

(၂၃၄)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၆။ ရင်သွေးအတွက် သတိတစ်ချက်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၁၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၅။ ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်တော့်ချစ်သူ (အပိုင်း-၁၃)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အမှန်တရားရဲ့ ဘက်တော်သား (အပိုင်း-၁)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရေး ဆွေးနွေး

ရန်ကုန် မတ် ၉

စစ်ကိုင်းတိုင်း ကလေးခရိုင် မင်းကင်းမြို့နယ် ညောင်ကိုင်းကျေးရွာ၌ ဖေဖော်ဝါရီ ၁ ရက်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကလေးခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးသိန်းလှိုင်နှင့် မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးမောင်မောင်အေးတို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လမင်းရောင်စာကြည့်တိုက်အသစ် ဆောက်လုပ်မည့် အလျား ၆၆ ပေ၊ အနံ ၃၅ ပေရှိ မြေနေရာအား သွားရောက်ကြည့်ရှုပြီး ဆောက်လုပ်မည့် အဆောက်အအုံအရွယ်အစားစနစ်ကျရေးနှင့် သတ်မှတ်ထားသည့်ပုံစံ ဆောက်လုပ်ရန် မှာကြားသည်။ အဆိုပါ အဆောက်အအုံအတွက် လိုအပ်သည့် မြေနေရာကို မြေပိုင်ရှင် ဦးရဲမောင်က လှူဒါန်းကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **“ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး”** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

Myanmar Golf Club

2009 Annual At Home

ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပျော်ပွဲ ရွှင်ပွဲများကျင်းပမည်

ရန်ကုန် မတ် ၉

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို မတ် ၂၀၊ ၂၁နှင့် ၂၂ ရက်တို့တွင် မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင် ပြည်လမ်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် မတ် ၂၀ ရက်တွင် အသက်(၆၀-၇၀) တစ်တန်း၊ အသက် (၇၀) အထက် တစ်တန်း (Veteran) ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း၊ မတ် ၂၁ ရက်တွင် Gold, Silver, Bronze အတန်း သုံးတန်း ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မတ် ၂၂ ရက်တွင် ဂေါက်သီးကစားခြင်းနှင့်ပတ်သက်သော ပျော်ပွဲရွှင်ပွဲများကျင်းပပြီး ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲကို ကျင်းပမည်ဖြစ်ကာ ညပိုင်းတွင် ညစာစားပွဲ ဖျော်ဖြေရေးနှင့် တေးဂီတဖျော်ဖြေရေး အစီအစဉ်များ ပါဝင်ကြမည်ဖြစ်ပြီး အသင်းသားမိသားစုများ ပါဝင်ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေနေချပ်ရုံးဓမ္မာရုံ၌ အငှမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် မတ် ၉

ရန်ကုန်မြို့ ဗဟန်း(၂)လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ ရွှေနေချပ်ရုံး ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းကကြီးမှူး၍ အသက်(၉)နှစ်မှ (၁၄)နှစ်အရွယ် (စတုတ္ထတန်းမှ အငှမတန်း) ကျောင်းသားလူငယ်များအတွက် အငှမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၁၆ ရက် (တနင်္လာနေ့)မှ မတ် ၃၀ရက်(တနင်္လာနေ့)ထိ နေ့စဉ် နံနက် ၇နာရီမှ ၈နာရီခွဲအထိ ဓမ္မဒါနအဖြစ် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသည့် ကျောင်းသားလူငယ်များ၏ မိဘအုပ်ထိန်းသူတို့သည် အဆိုပါဓမ္မာရုံ၌ မတ် ၁၂ ရက် (ကြာသပတေးနေ့)၊ မတ် ၁၄ ရက် (စနေနေ့)နှင့် မတ် ၁၅ ရက် (တနင်္ဂနွေနေ့) များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း ဓာတ်ပုံသုံးပုံ၊ အိမ်ထောင်စုစာရင်း (သို့မဟုတ်) မှတ်ပုံတင်မိတ္တူတို့နှင့်အတူ စာရင်းလာရောက်ပေးသွင်းနိုင်ပါကြောင်းနှင့် ဆက်သွယ်မေးမြန်းလိုပါက ဖုန်း- ၀၁-၃၇၃၇၄၃၊ ၀၁-၃၈၄၈၁၄ နှင့် ၀၁-၃၈၄၅၁၆ တို့သို့ (ရုံးချိန်အတွင်း) ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ
တောကိုမှီ၍

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၉

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၅၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း(၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌“မြန်မာ့ဘောလုံးလောက၏ အထူးခြားဆုံး အပြောင်းအလဲ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် 3D ရုပ်လုံးကြွ ဒီဇိုင်း အသုံးပြုမှုများလာ၊ ရေထွက်ကုန်ပစ္စည်း ၁၅ မျိုး ထိုင်းနိုင်ငံသို့တင်ပို့မည်၊ တက္ကစီယာဉ်မောင်းအချို့ ခရီးသည်၏ လိမ်လည်မှုကို ခံနေရ၊ ရွှေတိဂုံ ရွှေထီးတော်ကြွခိုင်ရေး ဆောင်ရွက်ပြီးစီးသဖြင့် ရောင်တော်ဖွင့်၍ ငြိမ်းများစတင်ဖြုတ်ယူပြီ၊ မိတ္ထီလာမြို့ ကားလေလံပွဲသို့ မော်လမြိုင်မြို့ ကားလေလံပွဲမှ ကားဈေးနှုန်းများ သက်ရောက်မှုရှိနိုင်၊ Memory Sticks သုံးစွဲသူများ နှစ်ပိုင်းခွဲ၍ သုံးစွဲသင့်၊ မြန်မာနှင့်ထိုင်း ပူးပေါင်း၍ မြန်မာ့ကမ်းရိုးတန်းဒေသများ၌ လေမုန်တိုင်းကြိုတင်သတိပေးစနစ်စွမ်းအင်ထုတ်ယူမည်၊ ဂျပန်နိုင်ငံမှ လှူဒါန်းသောကြိမ်နှုန်းမြင့် အသံလွှင့်၊ အသံဖမ်းစက်များကို ကမ်းရိုးတန်းဒေသများတွင် တိုးချဲ့တပ်ဆင်သွားမည်၊ သမ္မတရုပ်ရှင်ရုံအနီး ယာဉ်တိမ်းမှောက်မှုဖြစ် တစ်ဦးသေဆုံး၍ ၁၆ဦးဒဏ်ရာရ၊ သစ်ပင်လူသား တရုတ်နိုင်ငံ၌ ဆေးကုသမှုခံယူခဲ့ရာ ပျောက်ကင်းလုနီးပါးဖြစ်သွားခဲ့၊ သေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုခံရသော သီရိလင်္ကာ ခရစ်ကက်အသင်းနှင့်အတူ ပါရှိခဲ့သူများက ကြောက်မက်ဖွယ်အဖြစ်ဆိုးကို ပြန်ပြောပြ၊ သားအိမ်နှစ်ခုရှိသူ အမျိုးသမီးက တစ်ခု တစ်ယောက်နှုန်းဖြင့် သမီးအမြွှာ နှစ်ယောက်မွေးဖွား၊ ဥက္ကာခဲကြီးတစ်ခဲ ကမ္ဘာမြေကို ထိမှန်ရန် သီသီလေး လွဲချော်သွားခဲ့၊ ရုရှားဂြိုဟ်တုနှင့် အမေရိကန်ဂြိုဟ်တုတို့ တိုက်မိခဲ့မှုမှာ အမေရိကန်ပြည်ထောင်စုက တမင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုဆို၊ နျူကလီးယားဗုံး ပြုလုပ်ရန်အတွက် အီရန်နိုင်ငံ၌ ပစ္စည်းအပြည့်အစုံရှိနေပြီဟုဆို၊ ကမ္ဘာနှင့်တူသည့် ဂြိုဟ်များကိုရှာဖွေရန် ကမ္ဘာ့ပထမဆုံး အာကာသယာဉ်လွှတ်တင်၊ ကမ္ဘာ့အဝဆုံးလူသား ကိုယ်ပိုင်ကားဖြင့် လျှောက်လည်နိုင်ပြီ၊ အိုဘားမားက တာလီဘန်များနှင့် စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းမည်နှင့် အထူးဆောင်းပါး” အပါအဝင် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားသတင်းပဒေသာ

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက် ဒု-ကျော့ပွဲစဉ်များ အင်္ဂလန်အသင်းများ နောက်တစ်ဆင့်တက်ရန် အလေးသာ

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက် ပထမအကျော့ ပွဲစဉ်များတွင် အင်္ဂလန်အသင်းများ ရလဒ်ကောင်းခဲ့ပြီး ယခု ဒုတိယအကျော့ ပွဲစဉ်များမှာလည်း အင်္ဂလန်အသင်းများ ရလဒ်ကောင်းပြီး နောက်တစ်ဆင့် တက်နိုင်မလားဆိုတာ စောင့်ကြည့်ရတော့မှာပါ။

မတ် ၁၁ရက် (ဗုဒ္ဓဟူးနေ့)
နံနက် ၂း၁၅နာရီ

လီဗာပူး - ရီးယဲလ်မက်ဒရစ်

ပထမအကျော့ ဘာနေဗျူးမှာ ကစားခဲ့စဉ်က အိမ်ရှင်ရီးယဲလ်ခြေသာခဲ့ပေမယ့် လီဗာပူးကို အရှုံးပေးလိုက်ရတာ ရီးယဲလ်အတွက် နစ်နာလှပါတယ်။ ရီးယဲလ်မှာ ရော်ဘင်ခြေစွမ်းပြနေတယ်ဆိုပေမယ့် ဒီတစ်ကြိမ်က လီဗာပူးရဲ့ အန်ဖီးလ်ကွင်းဖြစ်နေတာရယ်၊ ဘင်နီတက်ဇ်ကလည်း ချန်ပီယံလိဂ်မှာဆိုရင် ရလဒ်ကောင်းအောင် စွမ်းဆောင်ပေးနိုင်တဲ့နည်းပြတစ်ယောက် ဖြစ်တာရယ်ကြောင့် ဒီပွဲမှာ ဧည့်သည်ရီးယဲလ်တို့ သရေ ထက်ပိုမယ်မထင်ပါဘူး။

ဂျူဗင်တပ်စ် - ချယ်လ်ဆီး

ပထမအကျော့က ချယ်လ်ဆီးဟာ အိမ်ကွင်းမှာ အနိုင်ရခဲ့တယ်ဆိုပေမယ့် ခြေစွမ်းကွာခြားမှု သိပ်မရှိလှပါဘူး။ နှစ်သင်းလုံးသမ္ဘာရှိတဲ့ ကစားသမားတွေ ပါဝင်နေတာကြောင့် တစ်သင်းအပေါ် တစ်သင်း သိသိသာသာ အသာစီးရယူဖို့ဆိုတာ ခက်ခဲလှပါတယ်။ ဂျူဗင်တပ်စ်ဟာ အိမ်ကွင်းအိုလံပီကိုမှာ အနိုင်ရလိုစိတ်ပြင်းပြစွာနဲ့ တိုက်စစ်အလွန်အကျွံလိုက်ကစားလာရင်တော့ ချယ်လ်ဆီးကို ဂိုးပြန်ပေးရဖို့ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဟစ်ဒင့်ရဲ့ ချယ်လ်ဆီးကိုပဲ ယုံယုံကြည်ကြည်နဲ့ အားပေးတာကောင်းပါလိမ့်မယ်။

ပင်နာသီယာကောစ့် - ဗီလာရီးယဲလ်

ပထမအကျော့မှာ တစ်ဂိုးစီ သရေကျခဲ့တာကြောင့် နှစ်သင်းလုံးအတွက် နောက်တစ်ဆင့်တက်ရေး ခြေကုန်ထုတ်ကစားရတော့မှာပါ။ ဒါပေမယ့် အဝေးကွင်းတစ်ဂိုးရထားတဲ့ ပင်နာသီယာကော့စ် အခွင့်အရေး အနည်းငယ် သာတယ်လို့ ဆိုရမှာပါ။ပင်နာသီယာကော့စ် အိမ်ကွင်းကစားအားကောင်းပေမယ့် ဖောင်ဖျက်ကစားလာမယ့် ဗီလာရီးယဲလ်တိုက်စစ်ကို ကြာကြာတောင့်ခံနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဧည့်သည် ဗီလာရီးယဲလ် ဘက်မှာ သရေနဲ့အနိုင်ပဲရှိတယ်လို့ သုံးသပ် ချင်ပါတယ်။

ဘိုင်ယန်မြူးနစ် - စပို့တင်းလစ္စဘွန်း

ဘိုင်ယန်မြူးနစ်ဟာ ချန်ပီယံလိဂ် အတွေ့အကြုံ ရင့်ကျက်တဲ့အသင်းပီပီ ပထမအကျော့အဝေးကွင်းမှာ ခြေစွမ်းသာမန်သာရှိတဲ့ စပို့တင်းလစ္စဘွန်းကို ငါးဂိုးပြတ်နဲ့ အနိုင်ယူနိုင်ခဲ့ပါတယ်။ ဘိုင်ယန်ဟာ ပြည်တွင်းပြိုင်ပွဲမှာ ရုန်းကန်နေရပေမယ့် စပို့တင်းနဲ့ခြေစွမ်းကွာဟမှုများလွန်းတာကြောင့် အိမ်ကွင်းအလိုင်းယန့်ဇ်အရီနာမှာ အိမ်ရှင်ဘိုင်ယန်ကပဲ ထပ်မံအနိုင်ယူသွားမှာပါ။ ဒါပေမယ့် ပထမအကျော့ကလောက်တော့ ဂိုးမပြတ်နိုင်တော့ပါဘူး။

မတ်၁၂ရက်(ကြာသပတေးနေ့)
နံနက် ၂း၁၅နာရီ

ပေါ်တို-အက်သလက်တီကို

ပထမအကျော့ ကစားခဲ့စဉ်က အက်သလက်တီကို အနိုင်ရသင့်ပါလျက်နဲ့ နောက်တန်းနဲ့ ဂိုးသမားအမှားများခဲ့တာကြောင့် ပေါ်တိုကိုချေပဂိုးတွေ ပြန်ပေးခဲ့ရပြီး နှစ်ဂိုးစီသရေကျခဲ့ပါတယ်။ ပေါ်တိုတို့ အဝေးကွင်းနှစ်ဂိုးရခဲ့တာကြောင့် နောက်တစ်ဆင့် တက်ရေးအတွက် အားသာချက်ရှိတာ အမှန်ပါပဲ။ ဒီပွဲမှာ ပေါ်တိုတို့ဂိုးရရေးထက် ဂိုးမပေးရရေးကိုဘဲ ဦးစားပေးကစားလာမှာဖြစ်တာကြောင့် သရေကျဖို့ ရာခိုင်နှုန်းများတဲ့ ပွဲလို့ဆိုချင်ပါတယ်။

ဘာစီလိုနာ - လိုင်ယွန်

ပထမအကျော့က လိုင်ယွန်ရဲ့ စတေဒီဂါလန်းကွင်းမှာ ဘာစီလိုနာ ခြေသာခဲ့ပေမယ့် သရေရအောင် နောက်ကလိုက်ကစားခဲ့ရပါတယ်။ ဒါပေမယ့် ယခု ဒုတိယအကျော့ဟာ ဘာစီလိုနာရဲ့ နူးကမ့်ကွင်းဖြစ်နေတာကြောင့် ခြေသာတဲ့ ဘာစီလိုနာပဲ အနိုင်ရပြီး နောက်တစ်ဆင့်တက်သွားမှာပါ။

မန်ယူ - အင်တာမီလန်

ပထမအကျော့က အင်တာရဲ့ ဆန်စီရိုကွင်းမှာ ယှဉ်ပြိုင်ခဲ့စဉ်က မန်ယူခြေသာခဲ့ပြီး ဂိုးသွင်းခွင့် အကြိမ်ကြိမ်ရရှိခဲ့ပါတယ်။ ဒါပေမယ့် အင်တာဂိုးသမားကောင်းလွန်းလို့သာ သရေပွဲဖြစ်ခဲ့ရတာပါ။ ယခု ဒုတိယအကျော့မှာ မန်ယူအသင်း လူစုံပါဝင်လာမှာဖြစ်တဲ့ အပြင် အီတလီအသင်းများဟာ အင်္ဂလန်မြေမှာ ရလဒ်ကောင်းလေ့မရှိကြတာကြောင့် အိုးလ်ထရက်ဖို့ဒ်မှာ ဆရာကြီး ဖာဂူဆန်က အပြောကြီးတဲ့ မော်ရင်ဟိုရဲ့ပါးစပ်ပေါက်ကို ပိတ်သွားအောင်လုပ်ပြသွားပါလိမ့်မယ်။

ရိုးမား - အာဆင်နယ်

ပထမအကျော့က အာဆင်နယ်ဟာ ရိုးမားကိုခြေအသာနဲ့ကစားနိုင်ခဲ့ပေမယ့် တစ်ဂိုးတည်းနဲ့သာ ကပ်နိုင်ခဲ့ပါတယ်။ ရိုးမားဟာ အိမ်ကွင်းမာတဲ့အသင်းပီပီ ယခု အိမ်ကွင်းမှာ အာဆင်နယ်ကို ပြန်လည် အနိုင်ရယူနိုင်ရေး ခြေကုန်ထုတ်ကြိုးစားလာမှာပါ။ ဒါပေမယ့် အာဆင်နယ်မှာ လူစုံနီးပါး ပြန်လည်ပါဝင်လာမှာဖြစ်တာကြောင့် အိမ်ရှင်တို့သိသိသာသာ အသာစီးရယူဖို့ ခက်ပါလိမ့်မယ်။ ရိုးမားမှာ ဒီရော့ဆီ ပွဲပယ်ခံထားရတာကြောင့် အာဆင်နယ်အဝေးကွင်း ဖြစ်ပေမယ့် မရှုံးနိုင်ဘူးလို့ဆိုချင်ပါတယ်။

***အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲများကို ယနေ့ရေးဆွဲခဲ့ရာ မန်ယူနှင့် အဲဗာတန်၊ အာဆင်နယ်/ဟူးလ်စီးတီးနှင့် ချယ်လ်ဆီးတို့ ဆုံတွေ့ရမည်ဖြစ်သည်။**

ဝင်းတင်(ကြေးမုံ)

မန်ယူနှင့်အင်တာမီလန် ပထမအကျော့ဆုံတွေ့ခဲ့စဉ်က မန်ယူမှစီရော်နယ်လ်ဒို အင်တာမီလန် နောက်တန်းကို ကျော်ဖြတ်ရန်ကြိုးစားနေစဉ်။

အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

၂၀၀၉ခုနှစ် နွေရာသီ အသက်(၁၄)နှစ်အောက်နှင့် အသက်(၁၆)နှစ်အောက် အမျိုးသား /အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို မတ် ၂၃ ရက်မှ ၂၉ ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၁၄)နှစ်အောက် ပြိုင်ပွဲဝင်လိုသူများမှာ ၁၉၉၅ ခုနှစ်မွေးဖွားသူ၊ အသက်(၁၆)နှစ်အောက် ပြိုင်ပွဲဝင်လိုသူများမှာ ၁၉၉၃ ခုနှစ်မွေးဖွားသူဖြစ်ရမည်ဖြစ်ပြီး အသက်ထောက်ခံချက်အတွက် မွေးစာရင်းမူရင်း(သို့) နိုင်ငံသားစိစစ်ရေးကတ် တင်ပြနိုင်ရမည်ဖြစ်သည်။ နယ်မှလာရောက်ယှဉ်ပြိုင်သောအသင်းများအား မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ ငွေကျပ်တစ်သိန်း ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး နေထိုင်စားသောက်စရိတ်များကိုအားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းကာ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဝင်ကြေးအဖြစ် တစ်သင်းလျှင် ငွေကျပ်ငါးထောင်သတ်မှတ်ထားပြီး ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းနှင့် အသက်စိစစ်ခြင်းကို မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျိုက္ကဆံဘတ်စကက်ဘောရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

(ကြေးမုံ)

မီးကြွင်း မီးကျန် မထားရန်
ကျင့်ကြံသတိ အမြဲရှိ

ဉပ္ပါတသန္တိ စေတီတော်မြတ်ကြီး မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်းအထိမ်းအမှတ် အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန မင်္ဂလာနှင့် မာလိနီ မင်္ဂလာရေကန်တော် ဖွင့်လှစ်ခြင်းမင်္ဂလာ ကျင်းပ

မင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ (ငါး၊ လိပ်) များအား ဘေးမဲ့လွှတ် မင်္ဂလာ ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့ မာလိနီ မင်္ဂလာရေကန်တော်အတွင်းသို့ ရေသားသတ္တဝါ (ငါး၊ လိပ်)များအား ဘေးမဲ့လွှတ်၍ အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန မင်္ဂလာကိုဆောင်ရွက်ကြစဉ်။(ယာပုံ)နှင့် ဉပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ မဟာမင်္ဂလာအခမ်းအနားများ ဆောင်ရွက်ကျင်းပ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါန မင်္ဂလာနှင့် မာလိနီ မင်္ဂလာရေကန်တော် ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပနေမှုကို တွေ့ရစဉ်။
(အောက်ပုံ) (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)